# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 29 , 2024 — Volume 76, Number 20

၂၉.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၁၉၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၇.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၆.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၈.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၅.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၅၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၈၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၆၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၅၁၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## ၁၁ လခွဲအတွင်း ပဲမျိုးစုံတင်ပို့မှုမှ ကန်ဒေါ်လာ ၁ ဒသမ ၃၅ ဘီလီယံရရှိ

လက်ရှိဘဏ္ဍာနှစ်၏ ၁၁ လခွဲအတွင်း ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၆ သန်းကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၅၂ ဘီလီယံရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရသည်။

ပင်လယ်ရေကြောင်းမှ တန်ချိန် ၁ ဒသမ ၄၅ သန်းတင်ပို့ခဲ့ပြီး ဒေါ်လာ ၁ ဒသမ ၂၂ ဘီလီယံရရှိခဲ့သည်။ ယခုဘဏ္ဍာရေးနှစ် ဧပြီလ ၁ ရက်မှ မတ်လ ၁၅ ရက်အတွင်း အိမ်နီးချင်းနိုင်ငံများသို့ ပဲမျိုးစုံတန်ချိန် ၁၄၉,၀၁၈ တန်ကျော် တင်ပို့ခဲ့ပြီး ဒေါ်လာ ၁၃၂ သန်း ရရှိခဲ့သည်။

ဝန်ကြီးဌာန စာရင်းဇယားများအရ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁ ဒသမ ၉ သန်းကျော်တင်ပို့ပြီး ဒေါ်လာ ၁ ဒသမ ၄၇ ဘီလီယံကျော်ရရှိခဲ့သည်။

မြန်မာနိုင်ငံ၏ မတ်ပဲထွက်ရှိမှုမှာ တစ်နှစ်လျှင် တန်ချိန် ၄၀၀,၀၀၀ ခန့်ရှိပြီး ပဲစင်းငုံထွက်ရှိမှုမှာ တန်ချိန် ၅၀,၀၀၀ ကျော်ရှိသည်။

**Source: http://www.etrademyanmar.com.mm/**

## အာဆီယံ-တရုတ် FTA အကောက်ခွန်လျှော့ချမှုအစီအစဉ် ပြီတွင်စမည်

အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်နှုန်း လျှော့ချမှုအစီအစဉ်ကို ယခုနှစ် ဧပြီလ (၁) ရက်နေ့တွင် စတင်ကျင့်သုံးမည်ဖြစ်ကြောင်း သိရသည်။

အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်နှုန်း လျှော့ချမှုအစီအစဉ် အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၂၄) ကို ၂၀၂၄ ခုနှစ် မတ်လ (၈) ရက်နေ့ ရက်စွဲဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

မြန်မာနိုင်ငံ၏ အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်နှုန်းလျှော့ချမှု အစီအစဉ် Myanmar tariff reduction schedule with HS 2022 version under ASEAN- China Free Trade Area ကို ကျင့်သုံးဆောင်ရွက်ရန် အကောက်ခွန်နှုန်း ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အမိန့်ကြေညာစာကို ထုတ်ပြန်ထားခြင်းဖြစ်သည်။

အလားတူ အာဆီယံ-ဟောင်ကောင် (တရုတ်) လွတ်လပ်သောကုန်သွယ်မှု နယ်မြေဆိုင်ရာအကောက်ခွန်နှုန်း လျှော့ချမှုအစီအစဉ်ကိုလည်း ၂၀၂၄ ခုနှစ် ဧပြီလ (၁) ရက်နေ့တွင် စတင်ကျင့်သုံးမည်ဟု ဖော်ပြထားသည်။

**Source: http://www.etrademyanmar.com.mm/**

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Essential Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD ATTO 3 EV အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Myanmar Arr Thit Man Motor Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် CHANGAN DEEPAL S7 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် Qingdao CRRC Sifang Rolling Stock Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC TOYOTA BZ4X အမျိုးအစား လျှပ်စစ်သုံးယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် (၂၈-၃-၂၀၂၄) ရက်နေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း သတင်းရရှိသည်။

**Source:** https://www-commerce-gov-mm.translate.goog/

## မုံရွာမြို့နယ်တွင် ဆောင်းမြေပဲဧက ၄ သောင်းကျော် ရိတ်သိမ်းပြီးစီး



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်တွင် ဆောင်းသီးနှံမြေပဲ ဧက (၄) သောင်းကျော် ရိတ်သိမ်းပြီးဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးမှူးထံမှ သိရသည်။

"မုံရွာမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ မြေပဲဧက (၄၂,၂၀၂) စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အခု မြေပဲတွေ ရာနှုန်းပြည့် နုတ်သိမ်းပြီးပါပြီ။ အထွက်နှုန်းကောင်းမွန်ပါတယ်။ မြေပဲဆံ ဈေးနှုန်း ကောင်းမွန်နေတဲ့အတွက် တောင်သူတွေ စီးပွားရေး တွက်ခြေကိုက်ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာမြို့နယ်အတွင်း စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ စတင် နုတ်သိမ်းခဲ့ရာ မြေပဲ တစ်ဧကလျှင် တင်း ၇၀ ကျော်အထိ ထွက်ရှိကြောင်းသိရသည်။

မုံရွာမြို့နယ် ဆောင်းမြေပဲစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး စသည့် စိုက်ပျိုးရေးနည်းပညာများ၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Source: popularmyanmar.com

## ကမ္ဘာလုံးဆိုင်ရာ ငွေရေးကြေးရေးဗဟိုချက်များတွင် ဟောင်ကောင်ဒေသ စတုတ္ထနေရာ၌ ဆက်လက်ရပ်တည်

တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ၁၂၁ နေရာရှိသော ငွေရေးကြေးရေးဆိုင်ရာ ဗဟိုဌာနများ အနက် ဟောင်ကောင်ဒေသ သည် နံပါတ်လေးနေရာတွင် ရပ်တည်နေကြောင်း မကြာသေးမီက ထုတ်ပြန်လိုက်သည့် ဗြိတိန်အခြေစိုက် Z/Yen နှင့် ရှန်ကျန်းပြည်နယ်မှ China Development Institute တို့မှ ပူးပေါင်းထုတ်ဝေသည့် Global Financial Centres Index (GFCI) တွင် ဖော်ပြထားကြောင်း rthk သတင်းဌာနမှ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် "HK remains fourth in global financial hubs ranking" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

အဆင့်သတ်မှတ်ချက်တွင် နယူးယောက်မြို့မှာ နံပါတ်တစ်နေရာတွင် ဆက်လက်ရပ်တည်နေပြီး၊ လန်ဒန်နှင့် စင်ကာပူတို့မှာ ဒုတိယနှင့် တတိယနေရာတို့တွင် အသီးသီးရပ်တည်နေသည်။ ရင်းနှီးမြှုပ်နှံမှုစီမံခန့်ခွဲမှုနှင့် fintech (Financial technology) တို့၏ ခိုင်မာသည့်အဆင့် သတ်မှတ်ချက်များကြောင့် ဟောင်ကောင်ဒေသသည် စုစုပေါင်း အဆင့်သတ်မှတ်ချက် ၇၄၁ ဖြင့် အဆင့် ၄ နေရာတွင် ဆက်လက်ရပ်တည်နေကြောင်း GFCI တွင် ဖော်ပြထားသည်။ ထို့ပြင် ဟောင်ကောင်ဒေသနှင့် စင်ကာပူတို့သည် အခြားဒေသများနှင့် ယှဉ်ပြိုင်နိုင်မှုနှင့်ပတ်သက်၍ ၎င်းတို့၏ အနာဂတ်အလားအလာအပေါ် ယုံကြည်မှုအရှိဆုံး ဖြစ်နေသည်ဟု Z/Yen မှ ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

ငွေရေးကြေးရေး ကဏ္ဍမှဖြေဆိုသူ ၈၄၉၄ ဦး အကဲဖြတ်ချက် ၄၈,၃၆၅ ခု အသုံးပြု၍ အကဲဖြတ်ခဲ့ခြင်းဖြစ်ပြီး၊ ကမ္ဘာ့ဘဏ်၊ the Economist Intelligence Unit၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD)၊ ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများမှ အချက်အလက်များကို အသုံးပြုအကဲဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

ဟောင်ကောင်ဒေသသည် တစ်နိုင်ငံစနစ်နှစ်မျိုးကျင့်သုံးမှုနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာနှင့်အညီ ဆောင်ရွက်မှုကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကြောင်း၊ ထို့ပြင် ဟောင်ကောင်ဒေသအနေဖြင့် ဈေးကွက်ဖွင့်လှစ်ထားရှိမှုနှင့် တရုတ်ပြည်မနှင့်ကမ္ဘာတစ်ဝှမ်းကို ချိတ်ဆက်ပေးသည့် တံခါးပေါက်အဖြစ် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် ၂၀၂၄-၂၅ ဘတ်ဂျက်တွင် အစိုးရ၏မူဝါဒဆိုင်ရာ ဆောင်ရွက်ချက်များ ကြေညာထားသည်ဟု အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားသည်။

**(စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့)**

**https://myantrade-gov-mm.translate.goog/article/Naypyitawstp**

## ဗီယက်နမ်နိုင်ငံ ကွမ်နင်းပြည်နယ်၏ ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ၁၀ ရာခိုင်နှုန်း တိုးတက်ရရှိ

ဗီယက်နမ်နိုင်ငံ ကွမ်နင်းပြည်နယ်၏ ခရီးသွားကဏ္ဍသည် ယခုနှစ်တွင် ဝင်ငွေ ဗီယက်နမ်ဒေါင် ၁၀ ထရီလီယံ ရရှိခဲ့ပြီး ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက ၁၀ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း သိရသည်။

ဒေသဆိုင်ရာအာဏာပိုင်များ၏အဆိုအရ ကွမ်နင်းပြည်နယ်သို့ လာရောက်လည်ပတ်သူ စုစုပေါင်း ၅ ဒသမ ၃ သန်းကျော်ရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁၁ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း သိရသည်။

နိုင်ငံတကာခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုသည် သိသိသာသာတိုးမြင့်လာပြီး လာရောက်လည်ပတ်သူ ၆၁၆,၀၀၀ ထိရှိခဲ့ပြီး အများစုမှာ အပျော်စီးသင်္ဘောများဖြင့် လာရောက်လည်ပတ်သူများဖြစ်ကြသည်။ ယခုနှစ်လာရောက်လည်ပတ်သူအရေအတွက်သည် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၃၁၀ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ Bahamas သင်္ဘော ၂ စီးနှင့် Malta အပျော်စီးသင်္ဘော ၃ စီးသည် နိုင်ငံတကာခရီးသွားဧည့်သည် ၄၀၀၀ ခန့်ကို Halong City သို့ ပို့ဆောင်ခဲ့ကြောင်း ဖော်ပြထားသည်။

မိုင်းကိုင်အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်သည် ယခုနှစ် ပထမသုံးလအတွင်း အိမ်နီးချင်း တရုတ်နိုင်ငံမှခရီးသွားများ ဝင်ရောက်လာခဲ့ပြီး နေ့စဉ်ဝင်ရောက်မှု ပျမ်းမျှ ၁၀,၀၀၀ နီးပါးရှိကြောင်း သိရသည်။

(စီးပွားရေးသံမှူး၊ဗီယက်နမ်)

https://myantrade-gov-mm.translate.goog/article/Nayp

## ဗီယက်နမ်နိုင်ငံသည် တရုတ်နိုင်ငံသို့ အုန်းသီးနှင့် အေးခဲထားသော ဒူးရင်းများ တင်ပို့ရန်ပြင်ဆင်

ဗီယက်နမ်နိုင်ငံမှ အာဏာပိုင်များနှင့် သက်ဆိုင်ရာအေဂျင်စီများသည် ဧပြီလ ၁ ရက်နေ့မတိုင်မီ တရုတ်နိုင်ငံသို့ အုန်းသီးလတ်လတ်ဆတ်ဆတ်များနှင့် အေးခဲထားသော ဒူးရင်းသီးများကိုတင်ပို့ရန် စိုက်ပျိုးဧရိယာစာရင်းနှင့် ထုပ်ပိုးပစ္စည်းများကို ပြင်ဆင်ရမည်ဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်သည် အဆိုပါအုန်းသီးနှင့်ဒူးရင်းထွက်ကုန်များကို အိမ်နီးချင်းဈေးကွက်သို့ တရားဝင်တင်ပို့ခွင့်ပြုပြီးနောက် မကြာမီ တရုတ်နိုင်ငံသို့ တင်ပို့နိုင်သည်ဟု စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ သိရှိရကြောင်း ဖော်ပြထားသည်။

တစ်ချိန်တည်းတွင် စိုက်ပျိုးရေးနှင့်အပင်ကာကွယ်ရေးဦးစီးဌာနသည် ဒေသဆိုင်ရာစိုက်ပျိုးရေးနှင့် အပင်ကာကွယ်ရေးဌာနခွဲနှင့်ပူးပေါင်း၍ စိုက်ပျိုးဧရိယာများနှင့် ၎င်းထုတ်ကုန်များအတွက် ထုပ်ပိုးမှုဆိုင်ရာပစ္စည်းများကို ပြန်လည်သုံးသပ်အကဲဖြတ်မည်ဖြစ်သည်။

တင်သွင်းသည့်နိုင်ငံမှ သတ်မှတ်ထားသော အစားအစာဘေးကင်းရေးစည်းမျဉ်းများ၊ စံနှုန်းများကိုလိုက်နာကြောင်း သေချာအောင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

ဗီယက်နမ်၏ လတ်လတ်ဆတ်ဆတ်ဒူးရင်းများကို ၂၀၂၂ ခုနှစ် ဇူလိုင်လမှစတင်၍ တရုတ်နိုင်ငံသို့ တရားဝင် တင်ပို့ခဲ့ပါကြောင်း၊ ၂၀၂၃ ခုနှစ်တွင် လတ်ဆတ်သောဒူးရင်း တင်ပို့မှုပမာဏသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံခန့် စံချိန်တင် မြင့်မားခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များအသင်း အထွေထွေအတွင်းရေးမှူး Đặng Phúc Nguyên က အေးခဲဒူးရင်းများကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ပြုပါက ဗီယက်နမ်ဒူးရင်း တင်ပို့မှုတန်ဖိုးသည် တစ်နှစ်ထက်တစ်နှစ် ၃၀ ရာခိုင်နှုန်း တိုးလာမည်ဟုမျှော်လင့်ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် ဗီယက်နမ်၏ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်တင်ပို့မှုမှာ လတ်ဆတ်သောအုန်းသီးနှင့် အေးခဲထားသောဒူးရင်းများကို တရုတ်နိုင်ငံသို့တင်ပို့နိုင်ပါက အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဟု မျှော်လင့်ရကြောင်းဖော်ပြထားသည်။

**Source: Vietnam Economy News**

**(စီးပွားရေးသံမှူး၊ဗီယက်နမ်)**

https://myantrade-gov-mm.translate.goog/article/Nayp

## STOCK EXCHANGE (29.3.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th Mar. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,850 (Shares) | 62,113,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +100 | +1.19% | 8,400 | 8,500 | 8,400 | 348 | 2,925,200 | 33,109,694 | 281,432 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,800 | 17,858 | 50,928,600 | 38,929,150 | 112,895 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 11 | 85,800 | 10,400,986 | 81,128 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,450 | 1,500 | 1,450 | 556 | 807,000 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 16 | 40,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 110 | 187,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,600 | -100 | -2.13% | 4,700 | 4,700 | 4,600 | 10 | 46,100 | 10,497,598 | 48,289 |
| MAEX | 00008 | 1,800 | -50 | -2.70% | 1,800 | 1,800 | 1,800 | 3,941 | 7,093,800 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 29th Mar. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.98 | +0.56 | +0.16% | 356.60 | 358.98 | 354.93 | 22,850 | 62,113,500 | 8 | 677,109 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 1:00 pm, 29th Mar. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,850 (Shares) | 62,113,500 (MMK) |

| MYANPIX | 358.98 ▲ 0.56 |
|---|---|
| Total Volume (shares) | 22,850 |
| Total Value (MMK) | 62 mil |
| Listed Company | 8 |
| Market Cap. (MMK) | 677,109 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,600 | ▼ 100 |
| MAEX | 00008 | 1,800 | ▼ 50 |

TIR